## ပထမအကြိမ်အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community)

## အလုပ်ရုံဆွေးနွေးပွဲအစီရင်ခံစာ

| | |
|---|---|
| ကျင်းပသည့်နေ့ရက်။ | ၂၀၁၂ ခုနှစ်ဇူလိုင်လ (၅) ရက် |
| ကျင်းပသည့်နေရာ။ | ရန်ကုန်မြို့၊ ချက်ထရီယမ်ဟိုတယ် |
| ကျင်းပသည့်အချိန်။ | နံနက် ၈း၃၀ နာရီမှ ညနေ ၅း၃၀ နာရီထိ၊ |
| တက်ရောက်သူများ။ | ဌာနဆိုင်ရာဝန်ထမ်း – ၄ ဦး |
| | ကုမ္ပဏီဝန်ထမ်း – ၇၃ ဦး |
| | မီဒီယာ – ၂၀ ဦး |
| | စုစုပေါင်း = ၉၇ ဦး |

**<u>ဟောပြောပို့ချသူများနှင့် ဟောပြောသောခေါင်းစဉ်များ</u>**

| | |
|---|---|
| ၁။ ဒေါ်တင်တင်ထွေး | အကြီးတန်းအကြံပေး၊ပါရမီစွမ်းအင်အုပ်စု။ "AEC Blue Print" |
| ၂။ ဒေါက်တာဒေါ်ခင်အုန်းသန့် | အငြိမ်းစားအကြံပေး၊အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာန၊"Sharing and Discussion on Implications And Issues of AEC" |
| ၃။ ဦးသန်းလွင် | ဒုဥက္ကဋ္ဌ(၂)၊ကမ္ဘောဇဘဏ်။ "Compliance of Myanmar Financial Sector for the ASEAN Integration" |
| ၄။ ဦးကျော်ဝင်း | ညွှန်ကြားရေးမှူး၊အကောက်ခွန်ဦးစီးဌာန၊ "Customs Matters In AEC" |
| ၅။ ဦးဌေးချွန် | ဥပဒေအကြံပေး၊ရတနာပုံတယ်လီပို့။ " Investment Chapter" |
| ၆။ ဦးဇော်ဖေဝင်း | စာရေးဆရာ၊ "AEC, Opportunities and Challenges" |
| ၇။ ဦးအောင်မြင့် | အကြီးတန်းအကြံပေး၊ပါရမီစွမ်းအင်အုပ်စု။ "International Land Transport Linkages in Myanmar and related Regional Agreement" |
| ၈။ ဦးတင်ချို | အကြီးတန်းအကြံပေး၊ပါရမီစွမ်းအင်အုပ်စု၊ Moderator |

**<u>ဟောပြောချက်များနှင့် ဆွေးနွေးချက်များအကျဉ်းချုပ်</u>**

ပထမအကြိမ်အလုပ်ရဆွေးနွေးပွဲကို အာဆီယံစီးပွားရေးအသိုက်အဝန်းအကြောင်း အများသိရှိစေရန် ဦးတည်ချက်ဖြင့်ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ AEC ဖြစ်ပေါ်လာပုံကိုအခြေခံမှစတင်ပြ ဆွေးနွေးပြီးမည်သ မည်ပအဆင့်ဆင့်သဘောတူညီချက်များ ချမှတ်ခဲ့ကြပုံများ၊ မြန်မာနိုင်ငံပါဝင်ပတ်သက်လာရခြင်းအကြောင်းများကို ဟောပြောပို့ချခဲ့ပါသည်။ ဘဏ်လုပ်ငန်းကဏ္ဍနှင့်ပတသက၍ AEC ၏မူဝါဒများ အရအာမခံ၊ ဘဏ်လုပငန်းနှင့်အရင်းအနှီးဈေးကွက်တို့ကို၂၀၁၄–၂၀၁၅ နောက်ဆုံးထားဖြေလျှော့မှုများပြုလုပ်ပေးရမှာဖြစစကြောင်း၊ မြန်မာနိုင်ငံတွင မကြာမီကပြုလုပ်ခဲ့သည့် ငွေလဲနှုန်းပေါင်းစည်းရေး (Exchange Rate Unification) မှာ မြန်မာနိုင်ငံနှစ်ပေါင်း(၄၀)အတွင်း အကောင်းဆုံးလုပ်ဆောငနိုင်ခဲ့သည့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုတစ်ရပ ဖြစ်ကြောင်းတင်ပြခဲ့ပါသည်။ ထိုနည်းတူပင် AEC နှင့်ပတ်သက်၍ အကောက်ခွနအတားအဆီးများဖယ်ရှားရေးနှင အဆင့်ဆင့်ဖြေလျှော့မှု့ အစီအစဉ်များကိုဟောပြောခဲ့ပါသည်။ ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှု၏အရေးပါပုံနှင့် လူ့စွမ်းအား အရင်းအမြစ်များတွငရင်းနှီးရနအရေးကြီးပ၊ မြန်မာကုမဏီများအနေဖြင့် နိုင်ငံတကာအဆင့်မီစေရန ဝန်ထမ်းများ၏ အရညအသွေးကိုမြှင့်တင်ထားရန် လိုအပ်ကြောင်းကိုလည်းထောက်ပြခဲ့ပါသည်။ ထ အပြင် AEC ဝင်ရောက်လာပါကတွေ့ကြုံရမည စိန်ခေါ်မှုများနှင အခွင့်အရေးများကိုလည်း ကျယ်ကျယပြနပြန့် တင်ပြခဲ့ကြပါသည်။ နိဂုံးချုပ်အနေဖြင့် AEC ကြောင့်ဖြစ်ပေါ်လာမည့ မြန်မာနိုင်ငံ လမ်းပန်းဆက်သွယ်ရေး ကွန်ရက်တည်ဆောက်မှုနှင့် တိုးတက်မှုအခြေအနေများကို အခြားအာဆီယံနိုင်ငများ၏ အခြေအနေနှင နှိုင်းယှဉသုံးသပတင်ပြသွားခဲ့ကြပါသည်။

ပညာရှင်များ၏တင်ပြဆွေးနွေးချက်များက တက်ရောက်လာသောလုပ်ငန်းရှင်များကလည်း မိမိတို့၏ ရှုထောင့်အသီးသီးမှ သုံးသပ်ဆွေးနွေးသွားကြပါသည်။ AEC ကိုအကောင်အထည်ဖော်ရာတွင်နိုင်ငံတော်အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များကိုဆွေးနွေးတိုင်ပင အမြင်ချင်းဖလှယသင့်ကြောင်း၊ ပြည်သူများ အကြားကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆောင်ရွက်သင့်ကြောင်း၊ ဆွေးနွေးသွားသကဲ့သု၊ AEC အတွက် ကြောက်နေစရာမလိုဘဲ မိမိတို့တွင်လုပ်ရည်ကိုင်ရည်ရှိဘို့လိုအပ်ကြောင်း၊ ထိုသို့လုပ်ကိုင်နိုင်ရန်အတွက ပညာတတ်အများအပြားထွက်ပေါ်လာရန လိုအပ်ကြောင်း၊အထူးသဖြင့်လူငယ်များကို ပြောခွင့်ဆိုခွင့်၊ လုပ်ကိုင်ဖနတီးနိုင်ခွင့်များပေးရန လိုအပ်ကြောင်းဖြင့် ဆွေးနွေးသူများလည်းရှိပါသည။ လုပ်ငန်းရှင်များအတွက် ယခုအလုပ်ရဆွေးနွေးပွဲက နားနှင့်မျက်စိကိုဖွင့်ပေးလိုက်သလိုဖြစ်၍ မ်ားစွာကျေးဇူးတင်ပါကြောင်းနှင နောင်တွင်လည်း အလားတူဆွေးနွေးပွဲများက မကြာခဏကျင်းပပေးပါရန်တောင်းဆိုပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားခဲ့သူများလည်းအများအပြားရှိပါသည်။

အချုပ်ဆိုရလျှင ပထမအကြိမ်AEC အလုပ်ရုံဆွေးနွေးပွဲသည AEC အတွကကြိုတင်ပြင်ဆင်ထားရမည အချက်များများစွာလိုအပ်နေသည်ကို ယေဘုယျအားဖြင့် ထောက်ပြနိုင်ခဲ့ပါသည်။ ယခုအချိန်ကစတင်ပြင်ဆင်မည်ဆိုပါက နောက်ကျနေသည့်တိုင်အောင အကောင်းဆုံးအခြေအနေတစ်ရပ်က ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားကုမဏီများအနေဖြင့်အပြင်းအထန်ကြိုးစားကြမည်ဆိုပါက၊ AEC သည

မြန်မာနိုင်ငံအတွက် အလွန်အမင်းကြောက်မက်ဖွယ်ရာကောင်းသည့် စီးပွားရေး မုန်တိုင်းတစ်ခုအသွင် မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့်မိမိတို့အားလုံးစုပေါင်းညီညွတ်စွာဖြင့် ကြိုးစားလုပ်ကိုင်သွားကြရန်လို ကြောင်းကို ပညာရှင်များနှင့်တက်ရောက်လာကြသော လုပ်ငန်းရှင်များက သဘောတူညီခဲ့ကြပါသည်။